# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၈၆)နှစ်တာခရီး

**(Dr. သက်လွင်ဦး၊ Myantrade)**

အမိမြန်မာနိုင်ငံတော်မှ စတင်မွေးဖွားသန့်စင်ရာ နေ့ထူးနေ့မြတ် အခါသမယဖြစ်သည့် ဝန်ကြီးဌာနမွေးနေ့ကတော့ မတ်လ ၂၆ ရက်နေ့ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ အမိမြန်မာနိုင်ငံတော်ရဲ့ ကုန်သွယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်ရေးမရမီကာလကတည်းက နိုင်ငံတော်မှချမှတ်ထားသော စီးပွားရေးမူဝါဒများကို ဦးလည်မသုန် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့တာ ယခုဆိုရင်စိန်ရတုကို ကျော်လွန်၍ ၈၆ နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

## ဝန်ကြီးဌာနသမိုင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ၁၉၃၇ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့မှာ မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှုဥပဒေ ၁၉၃၅ အရ စတင်တည်ထောင်ခဲ့ရာ ယနေ့ဆိုရင် (၈၆) နှစ်တိုင်ခဲ့ပေပြီ။ ဝန်ကြီးဌာနစတင်တည်ထောင်ချိန်က ပထမဆုံး တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ကြီးကတော့ ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ ဝန်ကြီးဌာနတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဝန်ကြီးအပါး (၄၀) ရှိခဲ့ပါတယ်။ ဝန်ကြီးဌာနအမည်ကို ခေတ်အလိုက်ပြောင်းလဲခေါ်ဝေါ်ခဲ့တာ တွေ့ရှိရပါတယ်-

| | | |
|---|---|---|
| (၁) | ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | (၂၆.၃.၁၉၃၇ မှ ၁၀.၉.၁၉၄၂ အထိ) |
| (၂) | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန | (၁.၈.၁၉၄၂ မှ ၁.၈.၁၉၄၃ အထိ) |
| (၃) | ဗမာပြည်ပြည်သူ့ဝမ်းစာဖူလုံရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | (၂.၈.၁၉၄၃ မှ ၂၉.၁၀.၁၉၄၃ အထိ) |
| (၄) | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန | (၁၉၄၃ မှ ၁၉၄၅ အထိ) |
| (၅) | ကူးသန်းရောင်းဝယ်ရေးနှင့် ရိက္ခာဝန်ကြီးဌာန | (၁.၁၁.၁၉၄၅ မှ ၂၅.၉.၁၉၄၆ အထိ) |

(၁၆) ကုန်သွယ်မှုတိုးတက်ရေးဌာန၊ (၂၇.၂.၁၉၅၉ မှ ၄.၄.၁၉၆၀ အထိ)
သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဌာန၊
ပစ္စည်းထောက်ပံ့ရေးဌာန၊ စက်မှုလက်မှုဌာန

(၁၇) ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့် (၁၉၆၀ မှ ၁၉၆၂အထိ)
ပစ္စည်းထောက်ပံ့ရေးဌာန

(၁၈) ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ် (၂.၃.၁၉၆၂ မှ ၇.၂.၁၉၆၃ အထိ)
ရေးဝန်ကြီးဌာန၊ စက်မှုလက်မှုဝန်ကြီးဌာန
ပစ္စည်းထောက်ပံ့ရေးဝန်ကြီးဌာန

(၁၉) ကုန်သွယ်မှုတိုးတက်ရေးနှင့် (၁၉၆၃ မှ ၁၉၆၃ အထိ)
စက်မှုလက်မှုဌာန

(၂၀) ထောက်ပံ့ရေးနှင့် သမဝါယမ (၁၉၆၄ မှ ၁၉၆၅ အထိ)
ဝန်ကြီးဌာန၊ ကုန်သွယ်မှုတိုးတက်ရေးဌာန

(၂၁) ကုန်သွယ်ရေးဝန်ကြီးဌာန (၁၉၆၅ မှ ၁၉၉၆ အထိ)

(၂၂) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး (၇.၈.၁၉၉၆ မှ ယနေ့အထိ)
ဝန်ကြီးဌာန

**ငွေရတုကာလ**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပါလီမန် ဒီမိုကရေစီခေတ်ဝန်ကြီးဌာနရဲ့ စီးပွားရေးမူဝါဒကတော့ နိုင်ငံပိုင်စနစ်၊ ဆိုရှယ်လစ်စနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်များကို ရောနှောအသုံးပြုခြင်းဖြစ်ပါတယ်။ တစ်ဖက်မှာ စီးပွားရေးလွတ်လပ်ခွင့်ပေးထားသလို အခြားတစ်ဖက်မှာလည်း ကန့်သတ်ထိန်းချုပ်မှုများထားရှိရေး မူဝါဒကိုကျင့်သုံးခဲ့ပါတယ်။ အိမ်စောင့်အစိုးရလက်ထက်မှာ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်မှာတော့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံး အကောင်အထည်ဖော်ခဲ့ပါတယ်။

